ဆင်ဘိုကုန်းကျေးရွာ
အင်ကြင်းကုန်းကျေးရွာအုပ်စု၊ မိုးညှင်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာအုပ် (၂၀၂၄ - ၂၀၂၈)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
ဆင်ဘိုကုန်းကျေးရွာ၊ မိုးညှင်းမြို့နယ်
(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၂၄ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

ဆင်ဘိုကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ် ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် **၈**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၁
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ **၃၃**

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏**လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းဇရိယာ**
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**
ဇယား ၂၀ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**
ဇယား ၂၁ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃-ခ **စိုက်ပျိုးမွေးမြူရေး**မဟုတ်သောစီးပွားရေးလုပ်ငန်းများအတွက် **ပြဿနာနှင့်အခက်အခဲ**များ
ဇယား ၂၄ **ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ**
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား **၂၆** ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား၂၉ **သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ**
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ **ပညာရေး** အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ **အဖြစ်များသော** ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၉
ကိုးကားစာရင်း ၇၄

အတိုကောက်စကားလုံးများ

AIDS	ခုခံအားကျဆင်းမှုရောဂါ
DRD	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
HIV	ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်
MADB	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
MEB	မြန်မာ့စီးပွားရေးဘဏ်
MMK	မြန်မာကျပ်
MCRD	သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
NGO	အစိုးရမဟုတ်သောအဖွဲ့အစည်း
PRA	ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း
SLRD	ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
STD	လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ
PTA	မိဘဆရာအသင်း
TB	တီဘီရောဂါ
VDG	ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၄/၂၀၂၅ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၈/၂၀၂၉ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့်ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက်လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့်အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်းလူထုအများစုနှစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊

ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။အပိုင်း(ခ)သည်စီမံကိန်းဆိုင်ရာအချက်အလက်၊အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

စက်တင်ဘာ၊ ၂၀၂၄

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဆင်ဘိုကုန်းကျေးရွာ
မိုးညှင်းမြို့နယ်

ဆင်ဘိုကုန်း ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေး ဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေး ဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမို ကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့်ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာ တွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ဆင်ဘိုကုန်းရွာသည် ပြည်ထောင်စုလမ်းမကြီးဘေးတွင် တည်ရှိပါသည်။ အရှေ့ဘက်တွင် စပါးခင်းများ ၊အနောက်ဘက်တွင် မြို့နှင့်တဆက်တည်းတွင်တည်ရှိပါသည်။ မြို့လည်ခေါင်သို့သွားလို ပါကတစ်မိုင်ခန့်ကွာဝေးပါသည်။ တောင်ဘက်တွင်ရထားသံလမ်းရှိပီး မြောက်ဘက်တွင်စပါးခင်း များနှင့်စိမ်းလန်းစိုပြေလျက်ရှိပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပီး အဓိကအသက် မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှမိုးရေချိန် လက်မမှာ၈၀"မှ ၁၀၀" ဝန်းကျင်တွင်တည်ရှိပြီးစိုက်ပျိုးရေးလုပ်ငန်းများအတွက်အသင့်အတင့် ထောက်ကူပြုပါသည်။ ကျေးရွာအနီးတွင် တောတောင်မြစ်ချောင်းမရှိပဲ မြေပြန့်ဖြစ်ပြီး လယ်ယာမြေ များမှာစပါးရိတ်သိမ်းပြီးလျင် မြေပဲ၊ ပဲငပိ ၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီတို့ကို တစ်ပိုင်တစ်နိုင်စိုက်ပျိုး ကြပါသည်။

(ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေအသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့် ကောင်းမွန်ပါ သည်။ ဆင်ဘိုကုန်းကျေးရွာသည်သဘာဝသယံဇာတများမထွက်ရှိပါ။ တောင်သူများအတွက်လည်း ရေလှောင်တမံနှင့် ဆည်ရေများမရှိပါ။ မြေအောက်ရေအသုံးပြုမှုမရှိပါ။ မိုးရေကိုသာအဓိကအားထား ပြီးစိုက်ပျိုးကြရပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၀၄)စုနှင့်ကျား(၂၇၉)၊ မ(၂၆၁)ဦးဖြင့် လူဦးရေပေါင်း(၅၄၀)ဦးရှိကာ ရှမ်းနီလူမျိုးများနှင့်ဗမာလူမျိုးများနေထိုင်ကြပါသည်။ အလုပ်လုပ်ကိုင်နိုင်သောအရွယ်သည် ကျေးရွာ လူဦးရေ၏၆၈.၄၅%ခန့်ရှိသဖြင့် လူသားအရင်းမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကိုလေ့ကျင့် သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်မည်ဖြစ်သည်။ အလုပ်လုပ်နိုင်သော အရွယ်သည် အမျိုးသားဦးရေထက် အမျိုးသမီးဦးရေကလျော့နည်းသည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာတွင် အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေ အနေ အထားမှာသာမန်အားဖြင့် လျော့နည်းလျက်ရှိသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ ၂၉%သည် ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စု အဆင့်ခံယူကြပြီး ၁၄% သည် ချမ်းသာ သည့်အဆင့်၊၂၆%သည်အလယ်အလတ်အဆင့်ရှိကြသည်ဟုသတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်မြေ များပိုင်ဆိုင်မှု၊ လက်လှမ်းမီမှု၊လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုတို့ကြောင့် ကျေးရွာစီးပွားရေး အသင့်အတင့်ကောင်းသည်ဟုပြောနိုင်သည်။ ချမ်းသာသောလယ်သမား အိမ်ထောင်စုများအပြင်အခြား လယ်သမားနှင့်အခြားဝင်ငွေရသောနေ့စားစသောလုပ်ငန်းများတွင်လည်းပါဝင်ဆောင်ရွက်ကြသည်။

ဓနအဆင့် ခွဲခြားသတ်မှတ်ရာ ဆင်းရဲအဆင့်သည် ကျေးရွာတွင် ထက်ဝက်ခန့်ရှိပြီး မြေယာ အနည်းငယ်ပိုင်သော လယ်သမားများ၊ လက်လုပ်လက်စား ဆောက်လုပ်ရေး လုပ်ငန်းခွင် လုပ်သားများနှင့် မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ များတွင် အလုပ်အကိုင် ရှာဖွေရရှိကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ ၂၉%ဖြစ်သော (၃၁)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏၁၀%မှာ တစ်ပါးသူထံမှချေးယူပြီး နပ်မှန်စားနိုင်ကြောင်း၊ ၁၈%မှာသူတစ်ပါးထံမှမချေးမငှားပဲသုံးလခနှစ်စားသုံးနိုင်ကြကြောင်းတွေ့ရှိရသည်။

အိမ်ထောင်စု ၉%ခန့်သည် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ ဖြစ်ကြပြီး ထိုအိမ်ထောင်စုများမှာ ဆင်းရဲကာမိသားစုဦးရေများပြားကြသည်။ အလားတူ အိမ်ထောင်ဦးစီးက ခရီးထွက်သွားအလုပ်လုပ်နေကြသည်။

အခြားထိခိုက်လွယ်သော အိမ်ထောင်စုများမှာ မစွမ်းမသန်(၄)ဦးနှင့်ရှာပြင်ပသို့ သွားရောက်ပြီးဝင်ငွေရရှိအောင် အလုပ်သွားရောက်လုပ်ကိုင်ကြသည့် လူငယ်လူရွယ်များသည်လိင်မှတစ်ဆင့် ကူးစက်တတ်သည့် ရောဂါများအရက်နှင့် ဘိန်းဖြူစသောမူးယစ်ဆေးဝါးသုံးစွဲမှု အန္တရာယ်တို့ရှိတတ်ကြသည်။

ယခုနှစ်ပိုင်းကာလများတွင်ကျေးရွာချင်းဆက်လမ်းများ ကျဉ်မြောင်းမှုတို့ကြောင့် ယဉ်မတော်တဆဖြစ်ပွားမှုများပြားလာသည်ကိုတွေ့ရှိရပါသည်။ ထိုအပြင် ဘိန်းဖြူသုံးစွဲသောလူငယ်များ အလုပ်အကိုင်မရှိ၍ ဝင်ငွေများ မရှိသဖြင့် ကျေးရွာတွင် ဆိုင်ကယ်ခိုးခြင်း၊ လယ်ယာအတွက် အသုံးဝင်သောနွားများကို ခိုးယူရောင်းချခြင်းနှင့် ရောင်းချ၍ရသော ပစ္စည်းများ ခိုးယူခြင်းစသည့် ဘေးအန္တရာယ်နှင့် ရင်ဆိုင်နေရသော ကျေးရွာတစ်ရွာဖြစ်နေသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသူရွာသားအများစုသည် သာမန်အားဖြင့်ကျန်းမာရေးကောင်းမွန်ကြပြီးအဟာရပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုမှာလည်းကျန်းမာကြသည်။ ယခုနှစ်ပိုင်းတွင် သွေးလွန်တုပ်ကွေးပိုမိုဖြစ်ပွားမှုရှိကြောင်းတွေ့ရသည်။အမျိုးသမီး၊ လူငယ်၊လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိရှိကြသည်။ကျေးရွာသူ၊ရွာသားများအနေဖြင့် အခြေခံကျန်းမာရေးအသိအမြင်များရှိကြသည်။ အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကိုကျေးရွာတွင်ရရှိနိုင်ပြီး မြို့နယ်ဆေးရုံ၊ဆေးဆိုင်များနှင့် လည်းကား၊ဆိုင်ကယ်များဖြင့် အလွယ်တကူသွားလာနိုင်သဖြင့် လက်လှမ်းမီမှုရှိပါ သည်။

ကျေးရွာတွင် လက်နှိပ်တုံကင်၊ မော်တာသုံးတုံကင်များမှမြေအောက်ရေကိုအလွယ်တကူရနိုင်ပြီးဝမ်းပျက်ဝမ်းလျော ၊တိုက်ဖွိုက်၊အစာအိမ်ရောင်စသောရောဂါ များဖြစ်ပွားမှုနည်းပါးကြောင်းတွေ့ရပါသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊ အသား၊ အဖတ်၊ အတွက်များကို ပိုင်ပိုင်နိုင်နိုင် တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက်အသင့်အတင့်များပြားသည်။ အခြေခံပညာရေးကိုရွာထဲရှိမူလတန်း၊ အလယ်တန်း၊

အထက်တန်းကျောင်းခွဲတို့တွင်တက်ရောက်သင်ကြားနိုင်ကြသည်။အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုများမှာနိမ့်ကျဆဲဖြစ်ပြီးလူငယ်လူရွယ်များအတွက်အလုပ်အကိုင်အခွင့်အလမ်းများနည်းပါး ဆဲဖြစ်သည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမ ရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျားမ ရေးရာဆိုင်ရာတာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှု နှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားကိစ္စရပ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟု ယေဘုယျအားဖြင့် ပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သောကိန်းကဏ္ဍာန်းများအရမူလတန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောက်ကျားလေးအရေအတွက်ထက်ပိုမိုများနေ၍ အမျိုးသမီးများ အတွက်ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့်အနည်းငယ်သာနေသည်ကို တွေ့ရှိရသည်။ သို့သော်လည်း ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာအမျိုးသားများကပိုမိုရရှိကြသည်။ ဥပမာအားဖြင့် လုပ်အားနှင့်လုပ်ငန်းခွင်တွင် အင်အားစိုက်ထုတ်မှုတူညီသော်လည်းအမျိုးသမီးများသည်အမျိုးသားများထက်လုပ်အားခ လျော့နည်းပြီးရရှိကြသည်။ အုပ်ချုပ်ရေး အဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်ပင်လျော့နည်းလျက်ရှိသည်။ ကျား-မ တန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူညီမျှရရှိပြီး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပိုမိုကာင်းမွန်လာနိုင်သည်။

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း (၆) ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ (၁)ဖွဲ့တို့ရှိသည်။ ယင်းတို့အဖွဲ့များတွင် ပြင်ပမှ ဖွဲ့စည်းပေးသော လူမှုရေးရာ ဆိုင်ရာ အဖွဲ့ဖြစ်သည့် အမျိုးသမီးရေးရာ အဖွဲ့မှာလှုပ်ရှားဆောင်ရွက်မှုများ အားနည်းနေသည်ကို တွေ့ရှိရသည်။ ကျန်အဖွဲ့များဖြစ်သည့် မီးသတ်၊ ကြက်ခြေနီ၊ပြည်သူ့စစ် စသော အဖွဲ့မှာ လှုပ်ရှားဆောင်ရွက်ခြင်း အားနည်းနေသည်။ နာရေးကူညီမှုအသင်းမှာလည်း နာရေးကိစ္စအပါအဝင် လူမှုရေး ကိစ္စရပ်များတွင် ပါဝင်လုပ်ဆောင်မှုအားနည်းသည်။ ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့် တစ်ဖွဲ့ ချိတ်ဆက်ဆောင်ရွက်ခြင်း၊ အဖွဲ့အစည်းဆိုင်ရာ သဘောထား အမြင်မရှိခြင်းနှင့် နားလည်မှု မပေးခြင်း စသည်တို့နှင့် ပတ်သက်၍ အားနည်းနေကြပြီး ၎င်းတို့အဖွဲ့အစည်းများ အတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ သင်ကြားမှုရရှိပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန် လာနိုင်ပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင်စပါးနှင့်မတ်ပဲကိုအဓိကထားစိုက်ပျိုးကြပါသည်။ မိုးစပါးစိုက်ဧက (၃၇၁)ရှိပြီး သီးထပ်အဖြစ် မတ်ပဲ(၁၀၇)ဧကနှင့်နွေစပါး(၆၀)ဧကစိုက်ပျိုးကြပါသည်။ မိုးစပါး ပျှမ်းမျှအထွက်မှာ (၅၇.၅)တင်း ထွက်ပြီး နွေစပါးကို ရေသွင်းစိုက်ပျိုးကြပါသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာ

ဝန်ဆောင်မှုများရရှိပြီး စိုက်ပျိုးရေးပစ္စည်းဆိုင်များမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများ ပေးပါသည်။ တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်တွက် အလုပ်သမားမလုံလောက်မှုပြဿနာ ကိုရင်ဆိုင်ရလေ့ရှိပြီး လုပ်အားခပိုပေးခြင်းဖြင့်အလုပ်သမားပြဿနာဖြေရှင်းကြရပီးကုန်ကျစရိတ် မြင့်မားမှုများကြုံတွေ့ရပါသည်.။အချို့တောင်သူများမှာအလုပ်သမားရှားပါးမှုနှင့်ကုန်ကျစရိတ်မြင့်မား မှုတို့ကိုကျော်လွားနိုင်ရန်ကြေပက်စနစ်ကိုကျင့်သုံးကြသည်။ တောင်သူအများစုသည် တခါတရံတွင် မိုးရွာသွန်းမှုမညီမျှခြင်းကိုရင်ဆိုင်ကြရပါသည်။ပဲငပိစိုက်ခင်း၊မြေပဲစိုက်ခင်းများတွင်ဖျက်ပိုးများသည် ပိုးသတ်ဆေး ထိရောက်မှုမရှိသဖြင့် တောင်သူများအနေဖြင့် ထိရောက်သော ဖျက်ပိုးနှိမ်နှင်းရေး စနစ်ကိုလိုလားလျက်ရှိပါသည်။

ကျေးရွာတွင်ဝက်မွေးသူအိမ်ထောင်စုအရေအတွက်မှာ တရွာလုံး၏ ၂၂ ရာခိုင်နှုန်း ဝန်းကျင် သာရှိပြီး ဒေသမှဝက်မျိုးများကိုမွေးမြူကြပါသည်။ ကြက်မွေးသည့် အိမ်ထောင်စုသည်တစ်ရွာလုံး၏ ၂၅ ရာခိုင်နှုန်းခန့်ရှိပြီး ဈေးကွက်တွင်လည်းဝယ်လိုအားအသင့်အတင့်ရှိပါသည်။ ရာသီအလိုက်ဖြစ်ပွားတတ်သောတိရစ္ဆာန်ရောဂါများအထူးသဖြင့် ကြက်လည်လိမ်ရောဂါသည် အဖြစ်များပြီးရောဂါကြောင့်လည်းသေဆုံးမှုများ ရှိတတ်ကြပါသည်။နည်းပညာဝန်ဆောင်မှုများကိမွေးကွဲစီးဋ္ဌာနမှရရှိသော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွမ်းခြုံဆောင်ရွက်ပေးနိုင်မှုအားနည်းပါသည်။မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသော အိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်း တည်ထောင်တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကိုအလွယ်တကူမရရှိနိုင်ကြပေ။ ရွာထဲမှငွေချေးသူများထံမှ ချေးငှားလျင်လည်း အတိုးနှုန်းမြင့်မားပါသည်။ ကျေးရွာတွင်မွေးမြူရန် ရေမြေနေရာအဆင်မပြေသောကြောင့် ငါးမွေးမြူရေး လုပ်ငန်းများမရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းမရှိပေ။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုအမျိုးအစားပေါ်မူတည်၍တွက်ခြေကိုက်မှုအသင့်အတင့်ရှိပါသည်။လက်လုပ်လက်စား အလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာအလုပ်အကိုင်များပြီးကျန်အချိန်များတွင်အလုပ်အကိုင်ရှားပါးပြီးဝင်ငွေမမှန်ခြင်းကြောင့်တွက်ခြေကိုက်မှုနည်းပါးပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားသည့် အခြေအနေကြောင့်ကျေးရွာအတွက်အခြေအနေကောင်းတရပ်ဖြစ်ပါသည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းသင်တန်းအချို့ဝန်ဆောင်မှုပေးသောလုပ်ငန်းများရှိပါသည်။ အပ်ချုပ်၊ အလှပြုပြင်ရေး၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြုပြင်၊ ကားဝပ်ရှော့စသည့်သင်တန်းများရှိသော်လည်းရွာသားတို့အများစုသည်အဆိုပါသင်တန်းများနှင့် ထိတွေ့မှုနည်းပါးကြသည်။လုပ်ငန်းခွင်သုံး ပညာအရည်အချင်းတွင်လည်း အနည်းငယ်နိမ့်ကျပြီးသင်တန်းစရိတ်အကုန်ကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်းမတတ်နိုင်ကြချေ။ငွေကြေးအဆင်ပြေသောအိမ်ထောင်စုအချို့သာသင်တန်းများသို့ အခကြေးငွေအကုန်ကျခံကာ ပို့လွတ်သင်ကြားနိုင်ကြသည်။

(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် ပဲငပိများ၊မြေပဲများ စိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်တတ်ခြင်းကြောင့်

ပိုးသတ်ဆေးနှင့်မြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်ပါသည်။ ဗဟာင်သူများအနေဖြင့်ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစားဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားကြသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးခြင်းများ ဆောင်ရွက်ပေးသင့်ပါသည်။

ဆင်ဘိုကုန်းကျေးရွာမှာ အရှေ့ဘက်အခြမ်းအား ၂၀၁၅ခုနှစ်က ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့သော်လည်း ကျေးရွာမှာမူမြေမြင့်ပိုင်းတွင်ရှိ၍ ရေလွှမ်းမိုးခြင်းမှလွတ်ကင်းခဲ့ပါသည်။ ကုန်းတွင်းပိုင်းဒေသဖြစ်သောကြောင့်လည်း မုန်တိုင်းအန္တရာယ်တို့နည်းပါးပါသည်။အားပျော့သောမုန်တိုင်းဝင်ရောက်မှုသာ တခါတရံကြုံတွေ့ရသည်။ အခါအားလျော်စွာကျရောက်တတ်သော မိုးခေါင်ခြင်းဘေးကြုံတွေ့ရတတ်ပါသည်။

(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူဦးကြီးများသည်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်နှစ်လျှင် ၅ ကျပ်တိုးနှန်း၊တစ်ဧကလျှင် တစ်သိန်းကျပ်နှုန်းဖြင့် အများဆုံး ၁၀ဧကအတွက်ချေးယူနိုင်ကြသည်။ ကျေးရွာတွင် မြန်မာ့ငွေရေးကြေးရေး အပြည်ပြည်ဆိုင်ရာကုမ္ပဏီမှ လာရောက်ဖွဲ့စည်းပေးသော မြန်မာ့ငွေရေးကြေးရေးအဖွဲ့ဖွဲ့စည်းထားပီး အသင်းသားဦးရေ (၁၃၀)ဦးရှိကာတစ်နှစ်လျှင်အတိုးနှုန်း ၃၀ ရာခိုင်နှုန်း ဖြင့်အသင်းဝင်များချေးငွေရယူနိုင်ကြသည်။ ချေးငွေကာလကို(၁၀)လထိချေးယူနိုင်ပြီး စည်းကမ်းပိုင်းတွင် တင်းကျပ်ထားပါသည်။ တချို့သောအိမ်ထောင်စုများမှာရွာထဲငွေတိုးချေးစားသူများထံမှ အတိုးနှုန်းများစွာဖြင့် ချေးယူကြရပါသည်။ ကျေးရွာတွင်သမဝါယမအသင်း ဖွဲ့စည်းထားခြင်းမရှိသေးပါ ။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းအဆင့်ကို သွပ်မိုး၊နံကပ်အမျိုးအစားဖြင့် သင်ကြားနိုင်ကြသည်။ ရွာသားအားလုံးမှာရေးတတ်ဖတ်တတ်ကြပြီး လူဦးရေအားလုံး၏၁ ရာခိုင်နှုန်းမှာဘုန်းကြီးကျောင်းပညာရေးကို ရရှိထားကြသည်။ မူလတန်းကျောင်းပညာရေးအဆင့်မှာလည်းမြင့်မားမှုရှိသည်။ ယခုနှစ်ကျောင်းအပ်နှံသည့်ကျောင်းသားဦးရေမှာ ၃၀ သာရှိပါသည်။ ကျောင်းတွင်လည်း ပရိဘောဂပစ္စည်းများလုံလောက်မှုမရှိပေ။ မူလတန်းပြဆရာမ (၅)ဦးနှင့်ဆရာ(၁)ဦးရှိသည်။ လွန်ခဲ့သောကျောင်းဖွင့်ရာသီကကျောင်းသားများအတွက် ပြဋ္ဌာန်းစာအုပ်များနှင့် ဗလာစာအုပ်များအခမဲ့ပံ့ပိုးပေးခဲ့ပါသည်။

သောက်သုံးရေအတွက်လက်နှိပ်တုံကင်နှင့် လျှပ်စစ်သုံးမော်တာများ တပ်ဆင်သုံးစွဲကြသဖြင့် လုံလောက်မှုရှိသည်။ တစ်ချို့အိမ်ထောင်စုများက အဆင်ပြေကြသဖြင့် အိမ်သာကျင်းကို အုတ်ဖြင့်ဆောက်လုပ်ကြပြီး ဆင်းရဲသောအိမ်ထောင်စုများကမြေကျင်းတူးရေလောင်းအိမ်သာများကို ဆောက်လုပ်သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာများ သုံးစွဲကြသဖြင့် ရေနှင့်ပတ်သက်သောရောဂါဖြစ်ပွားမှုမှာ နည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းသား အိမ်သာများ စနစ်တကျဆောက်လုပ်ထားပြီး ကျောင်းသူ/ကျောင်းသားများ အတွက် အသုံးပြုရန် လုံလောက်မှုရှိသည်။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့်မရှိပေ။လူငယ်တို့သည်

ကျေးရွာရလူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင် လည်းရိုးရာအကများဖြင့် ကလေ့ရှိကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်း သီးသန့်ဖော်ဆောင်နိုင်ခြင်းမရှိပေ။

(၈) အခြေခံ အဆောက်အဦး – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ၂၀၁၅ခုနှစ်မှစ၍ လျပ်စစ်မီးသွယ်တန်းထားရှိပြီး ကျေးရွာအိမ်ထောင်စုအားလုံး၏၃၀ ရာခိုင်နှုန်းခန့်သည် အသုံးပြုနေကြပြီးဖြစ်သည်။ ကျေးရွာတွင်မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို စျေးကွက်နှင့်အခြားလူမှုဝန်ဆောင်ရေး လုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင်အင်တာနက်အသုံးပြမှုအသင့်အတင့်ကောင်းမွန်ပြီး သတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်ကြသည်။ ကျေးရွာတင်စာကြည့်တိုက်မရှိပါ။ ရွာသားများသည် သတင်းစာဂျာနယ်တို့ကိုဝယ်ယူဖတ်ရှုကြပြီးတစ်ရွာလုံးအားဖြင့်တယ်လီဖုန်းသတင်းဆက်သွယ်ရေးကိုတော်တော်များများအသုံးပြုကြသည်။

(စျ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်သွယ်ကူးသန်းရောင်းဝယ်မှု ချောမွေ့သည်။ သို့သော်ရွာသားများသည် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီးလိုအပ်သောသတင်းအရင်းမြစ်များအတွက် လိုအပ်သလိုဆက်သွယ်နိုင်သည်။အာမခံစနစ်ကိုချိတ်ဆက်အသုံးပြုနိုင်သော်လည်းချိတ်ဆက်ဆောင်ရွက်ထားသူမရှိသလောက်ဖြစ်သည် ကျေးရွာတွင်သဘာဝဘေးများလျော့ပါးရေးအစီအစဉ်သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ရဲစခန်းနှင့် အလွယ်တကူချိတ်ဆက်နိုင်သဖြင့် ကျေးရွာတွင်းရာဇဝတ်မှု ဖြစ်ပွားမှုနည်းပါးသည်။

၅။ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာတွင် လျပ်စစ်မီးကို မဟာဓာတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းသုံးစွဲမှု ကိုလျော့ချစေပြီး ကျောင်းသူကျောင်းသားများအတွက် စာဖတ်ခြင်းတွင်အထောက်အပံ့ရရှိ၍ လူနေမှုအဆင့်အတန်း မြင့်မားလာရန်အထောက်အပံ့ဖြစ်စေသည်။

ကျေးရွာတွင်လူငယ်ပညာတတ်များရှိပြီး လူဦးရေအားလုံး၏ ၅၀ ရာခိုင်နှုန်းမှာ အလုပ်လုပ်နိုင်သည့်အရွယ်များဖြစ်သည်။ ဘွဲ့ရကျောင်းသားအသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များအားလေ့လာသင်ကြားစေခြင်းဖြင့် လူသားအရင်းအမြစ်ကို တိုးတက်ကောင်းမွန်စေမှာဖြစ်သည်။ ကျေးရွာ၏ကျန်းမာရေးအခြေအနေမှာ ယေဘူယျအားဖြင့်ကောင်းမွန်ပြီးကျန်းမာရေးအတွက်ပံ့ပိုးမှုနှင့်ဝန်ဆောင်မှုများသို့လည်း အလွယ်တကူလက်လှမ်းမီနိုင်ကြသည် ကျေးရွာသားများအနေဖြင့် လည်း စိုးရိမ်ရသောအခြေအနေ အတွက်လည်း မိုးညှင်းခရိုင်ဆေးရုံသို့ သွားရောက်ပြီးဆေးကုသမှု ခံယူနိုင်ကြသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပံ့ပိုးမှုများမှာ လက်ရှိပညာရေးအနေအထားအတွက် ကောင်းသောအနေအထားတွင်ရှိနေပါသည်။

သဘာဝအရင်းအမြစ်များအတွက် လယ်ယာမြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီလွှာအ

တော်အသင့်ကောင်းမွန်ကြသည်။ တောင်သူများသည်လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်နိုင်ကြသည်။ မိုးရွာသွန်းမှုမှာစပါးနှင့် ဆောင်းသီးနှံများစိုက်ပျိုးမှုကိုအထောက်အပံ့ ဖြစ်စေသည်။ကျေးရွာတွင်းသုံးရေလှောင်တမံများမရှိပေ။ကျေးရွာသည် ရထားလမ်း၊ကားလမ်းတို့ဖြင့် အလွယ်တကူသွားလာနိုင်ကြသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာတွင် လယ်ယာမြေများမှာ မြေဆီလွှာအသင့်အတင့် ကောင်းမွန်ကြသည်မှအပအခြား သယံဇာတများမထွက်ရှိပေ။လယ်ယာမြေကိုထပ်မံတိုးချဲ့ရန်မဖြစ်နိုင်သဖြင့် လယ်သမားအဖို့အထွက်နှန်းတိုးမြင့်အောင်သာအားထားစိုက်ပျိုးရပေသည်။ ရေနုတ်မြောင်းများ တိုးချဲ့ဆောက်လုပ်ပြီး ရေသွင်းစိုက်ပျိုးနိုင်မည့်စိုက်ကေတိုးတက်လာစေရန် ဆောင်ရွက်သင့်ပါသည်။ ထို့အပြင်ပိုးသတ်ဆေးအချို့ ခံနိုင်သောဖျက်ပိုးများလည်းမတ်ပဲစိုက်ခင်းများတွင်ကျရောက်တတ်သည်။မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှလည်းနည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုရရှိနိုင်သော်လည်း စိုက်ဘဏ်မှချေးငွေဝန်ဆောင်မှုပေးသောစနစ်မှာ ချေးငွေလိုအပ်သည့်အိမ်ထောင်စုများမှ ငွေချေးရန်စာရွက်စာတမ်း လိုအပ်ချက်များ ဖြည့်ရာတွင်အခက်အခဲရှိကြသည်။

ကျေးရွာတွင်အိမ်တွင်းထုတ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့်ပုံမှန်ဝင်ငွေရရှိနိုင်မှုမရှိပေ။ ဒေသတွင်အိမ်တွင်းမှုနှင့်တပိုင်တနိုင်ကုန်ထုတ်လုပ်ငန်းတို့အတွက် အသိပညာနှင့်အတတ်ပညာများအတွက် အားနည်းလျက်ရှိပါသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှု မြှင့်တင်ခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများ ရရှိခြင်းမှတစ်ဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေး အနေအထားကို တိုးတက်မှု ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့်ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

က.၃) ကျွန်ုပ်တို့ ရွာလူထုသည် အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများ ဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့်ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရားတိုးတက်လာစေရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကိုဆောင်ရွက်သွားကြမည်-

ခ-၁) ကျေးရွာတွင်ရင်းနှီးငွေ နည်းပညာနှင့်နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီးစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်.။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက်မြို့နယ်ရှိဘဏ်များ ၊ရင်းနှီးငွေရနိုင်ရန်အခြားနေရာများနှင့်ချိတ်ဆက်ပေး

မည်။ ရင်းနှီးငွေများရရှိပါက စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အ
လားတူပင်ကျေးရွာတွင်စိုက်ပျိုးရေး၊မွေးမြူရေးနည်းပညာများထွန်းကားလာရေးအတွက်စိုက်ပျိုးရေး
မွေးမြူရေးနည်းပညာသင်တန်းများတက်ရောက်နိုင်ရေးအတွက်နည်းပညာဌာနများနှင့်ချိတ်ဆက်
ဆောင်ရွက်သွားမည်။သင်တန်းတက်ထားသူများမှ တဆင့်ကျေးရွာတွင် ရရှိထားသည့်နည်းပညာ
များကိုမျှဝေပေးပြီးမိမိကိုယ်တိုင်ကလည်းကိုယ်ပိုင်လုပ်ငန်းများအတွက်အသုံးချပြီးထုတ်လုပ်မှုတိုး
တက်စေရမည်။

ခ-၂) ကျွန်ုပ်တို့သည်အပ်ချုပ် ၊ဇာထိုး၊ပန်းထိုး ၊ယိုနှင့်မုန့်လုပ်နည်း၊ ဆံပင်ညပ်၊စက်ပြင်၊ မော်တော်
ဆိုင်ကယ်ပြင်နှင့်မိုဘိုင်းဖုန်းပြင်စသောသင်တန်းများတက်ရောက်နိုင်ရန် သင့်တော်သောသင်တန်း
များတက်ရောက်နိုင်ရန်စီစဉ်ပေးမည်။ထိုသင်တန်းများသည်ကျေးရွာလူငယ်များအတွက် ကျွမ်းကျင်
မှုတိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများထူထောင်တိုးချဲ့နိုင်ရန် အရင်းနှီးအစီစဉ်များချိတ်ဆက်ပေး
မည်။

ခ-၃)

ဆင်ဘိုကုန်းကျေးရွာတွင်စာသင်ကျောင်းခြံစည်းရိုးကာရံပြီးမူကြိုကျောင်းတစ်ဆောင်ဆောက်
လုပ်ခြင်းဖြင့် ကလေးငယ်များ၏အရည်အချင်းတိုးတက်မြင့်မားလာစေရေးအတွက်ဆောင်ရွက်မည်
ပညာရေးဌာနနှင့်ချိတ်ဆက်ပြီးဘာသာရပ်အလိုက်ကျွမ်းကျင်သောမူလတန်းဆရာမများခန့်ထားနိုင်
ရေးတို့အတွက်ဆောင်ရွက်သွားမည်။

ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် တံတားများစသော အခြေခံအဆောက်အဦးများ တိုးတက်
ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ တစ်ချိန်တည်းတွင် ကျေးရွာ အဆောက်အအုံများကို
အသုံးပြု စီမံခန့်ခွဲထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင် ဆောင်ရွက်ကြ
မည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြု လုပ်ငန်းများတွင် အကောင်အထည်
ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှု စွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်း အားပေး
ဆောင်ရွက်မည်။

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများ
နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်
အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာ
အဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်း
များကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပံ့မှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည်
အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်းရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော်
အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ကျွန်တော်တို့ကျေးရွာသားများ ကိုယ်တိုင်အားထုတ်လုပ်ကိုင်
ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း

သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏာပါဝင်သည့် နှစ်ပါတ်လည်ဖွဲ့ဖြိုးရေးစီမံ ချက်ပြင်ဆင်ရန်ဖြစ်သည်။

(ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး

ကျေးရွာတွင်မိုးစပါးအပြင်မြေပဲများကိုသီးထပ်အဖြစ်စိုက်ပျိုးကြသည်။တောင်သူများအတွက် သီးနှံဖျက်ပိုး ကျရောက်ခြင်းသည် အဓိက ပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာ နှိမ်နင်းရေးအတွက် နည်းစနစ်များ ရရှိရန်လိုအပ်သည်။ ဖျက်ပိုးများ နှိမ်နင်းရေးအတွက်သက်ဆိုင်ရာ ဦးစီးဌာနမှ ဝန်ဆောင်မှုများရရှိသော်လည်းစိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများရောင်းချရန် အသေးစားလုပ်ငန်းရှင်ကုန်သည်များကိုသာ မှီခိုအားထားနေရပါသည်။ဖျက်ပိုးများကြောင့် တောင်သူများ သီးနှံအထွက်နှုန်းလျော့နည်း၍ ဝင်ငွေများလျော့ကျလာသည်။ ထို့ကြောင့် နည်းပညာ အသစ်ရရှိရေးအတွက် စိုက်ပျိုးရေး ဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက်လိုအပ်သောချေးငွေရရှိရန်စနစ်များပြောင်းလဲချမှတ်သင့်သည်။အထူးသဖြင့်လယ်သမားနှင့် အသေးစားလုပ်ငန်းများအတွက် အထိုက်အလျောက် များပြားသည့် ချေးငွေလို အပ်ပါသည်။ ကျေးရွာတွင် သမဝါယမအသင်း ဖွဲ့စည်းထားခြင်း မရှိသဖြင့် မြို့နယ်သမဝါယမ အသင်းက ချေးငွေလိုအပ်သူရွာသားများ အတွက် အစီအစဉ်ကို ဆောင်ရွက်သင့်သည်။

(ဃ) ကျေးလက်အသေးစား စက်မှုလက်မှု လုပ်ငန်းများ ဆိုင်ရာ အထောက်အပံ့

ကျေးရွာတွင်အသေးစားစက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးလာနိုင်မည့်အလားအလာရှိပြီးအလုပ်အကိုင်နှင့်အမြတ်အစွန်းများရရှိရန်အထူးသဖြင့်လူငယ်နှင့်မျိုးသမီးများအတွက်အခွင့်အလမ်းရှိပါသည်။ သို့သော်ငင်းတို့တွင်လုပ်ငန်းဆိုင်ရာစီမံအုပ်ချုပ်မှုနည်းပညာဈေးကွက်သတင်းအချက်အလက်များအား နည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများ (ကုန်ထုတ်ခြင်း၊ လက်မှုလုပ်ငန်း)အတွက်လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ကျွန်တော်တို့ကျေးရွာမှအသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါအဆင်သင့် မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့်စီမံခန့်ခွဲရေးအောက်တွင်ထားရှိကာတစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင် တစ်ချို့နှင့် တိုးချဲ့ပညာပေး ဝန်ထမ်းအချို့ ပါဝင်မည်ဖြစ်ပြီး မြို့နယ်ဒေသမှသည် ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲရေးအထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက်လိုအပ်သော ရန်ပုံငွေလည်းရှိရပါမည်။

(င) ကျေးလက်စျေးဆောက်လုပ်ရေး

ကျေးရွာတွင်ယာယီအရောင်းဆိုင်များရှိသည်။ လူကြီးခရီးစဉ်ကြုံကြိုက်စဉ်တို့တွင်စျေးရောင်းချမှုကိုရွေ့ဆိုင်းရတတ်သည်ကိုလည်းကြုံတွေ့ရတတ်သည်။မြို့နယ်အာဏာပိုင်အဖွဲ့အစည်းများကရေ၊ သန့်ရှင်းရေးစနစ်ဖြင့် လမ်းတို့စနစ်တကျပါဝင်သည့် စျေးအဆောက်အဦတခုတည် ဆောက်ပေး

ရန်ပါဝင်ဆောင်ရွက်သင့်ပါသည်။ ဆင်ဘိုကုန်းကျေးရွာအပြင် အနီးပတ်ဝန်းကျင်မှ ကျေးရွာများအတွက်အကျိုးခံစားမှုရရှိစေနိုင်သည်။

၈။စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများ အဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ အကောင်အထည်ဖော်မှု ဆိုင်ရာတွင် အဓိက သော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာ စီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့် ကာလက ဖော်ထုတ်ဦးစားပေးတန်းစီခဲ့ကြသည်။ စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်ကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါသည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာ စီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ် ကဲ့သို့ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါသည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်၏ ဗျူဟာမြောက်မူဘောင် အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကိုစီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခဲပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional Classification)ဖြင့်ဝန်ကြီးဌာနများအတွက်သက်ဆိုင်ရာ လုပ်ငန်းများအတွက်ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်းသည် စီမံချက်များကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း အသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း၊ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများကယင်းတို့၏လုပ်ငန်းတာဝန်များအလိုက်ဖော်ထုတ်ထားသောကဏ္ဍအပိုင်းအခြားများကိုသိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့များ အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်	မှတ်ချက်
အခြေခံအဆောက်အဦ					
	၁။ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်း	၁၀၀	၁	–ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက် ဆောင်ရွက်ခြင်း	
ရေရရှိရေး					
	၂။ သောက်သုံးရေရရှိရေး (စက်ရေတွင်း)	၈၂	၂	– ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက် ဆောင်ရွက်ခြင်း	
လမ်း၊ တံတား					
	၃။ ကျေးရွာတွင်းကွန်ကရစ်လမ်း ခင်းရန်	၇၀	၃	– ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက် ဆောင်ရွက်ခြင်း	–
အခြေခံအဆောက်အဦ					
	၄။ ကျေးရွာစာကြည့်တိုက် တည်ဆောက်ပေးရန်	၆၈	၄	– ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက် ဆောင်ရွက်ခြင်း	

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

စီမံချက်	အဆင့်	၂၀၂၄	၂၀၂၅	၂၀၂၆	၂၀၂၇	၂၀၂၈
၁။ ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ရန်	၁	———	———			
၂။ သောက်သုံးရေရရှိရေး(စက်ရေတွင်း)	၂		———	———		
၃။ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းရန်	၃			———	———	
၄။ ကျေးရွာစာကြည့်တိုက် တည်ဆောက်ပေးရန်	၄				———	———

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative)အဖြစ်ကိုးကားရန်သာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေးအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ဖေါ်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန်စသည်)

စီမံချက်ဘတ်ဂျတ်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	ကျေးရွာဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်း			√		

၂	သောက်သုံးရေရရှိရေး(စက်ရေတွင်း) တည်ဆောက်ပေးရန်			√		
၃	ကျေးရွာတွင်းကွန်ကရစ်လမ်း ခင်းပေးရန်			√		
၄	ကျေးရွာစာကြည့်တိုက်တည်ဆောက် ပေးရန်			√		

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

(၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက် ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ် လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

